**ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး**
**ဗဟိုဌာနချုပ်**
**ကော်သူးလေ**
www.knuhq.org

# ကချင်လွတ်လပ်ရေးအဖွဲ့ချုပ် (KIO) ဥက္ကဌ ဟောင်း ဦးလညော်ဇောင်းဟရား ကွယ်လွန်ခြင်း အပေါ် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး (KNU) မှ ပေးပို့သော ဝမ်းနည်းကြောင်း သဝဏ်လွှာ

ရက်စွဲ - ၂၀၂၅ ခုနှစ်၊ မေလ (၁၆) ရက်

၂၀၂၅ ခုနှစ်၊ မေလ (၁၅) ရက်နေ့ မနက် ၇ နာရီ ၁၅ မိနစ်အချိန်တွင် ကချင် လွတ်လပ်ရေး အဖွဲ့ချုပ်၏ ဥက္ကဌဟောင်း ဦးလညော်ဇောင်းဟရား အသက် (၈၇) နှစ်သည် ခရစ်တော်၌ အိပ်ပျော် သွားကြောင်းကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုများနှင့် ကချင်လွတ်လပ်ရေးအဖွဲ့ချုပ် (KIO) ၏ ခေါင်းဆောင်များနှင့်အတူ KNU အနေဖြင့်လည်း ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါသည်။

ဦးလညော်ဇောင်းဟရား (KIO ဥက္ကဌဟောင်း) သည် ၂၀၀၆ မှ ၂၀၁၇ ခုနှစ်၊ ကျန်းမာရေး အရ အနားယူသည်အထိ KIO ဥက္ကဌနေရာတွင် ကချင်လူမျိုးများ၏ တန်းတူရေးနှင့် ကိုယ်ပိုင် ပြဌာန်းခွင့် အပြည့်အဝ ရရှိရန်အတွက် ဘဝတူတိုင်းရင်းသားများနှင့် အင်တိုက်အားတိုက် ပူးပေါင်း ပါဝင်ကာ တာဝန်ထမ်းဆောင်ခဲ့သူတစ်ဦးဖြစ်ပါသည်။

ဦးလညော်ဇောင်းဟရား (KIOဥက္ကဌဟောင်း) ကွယ်လွန်သွားခြင်းအပေါ် KIO ကချင် လွတ်လပ်ရေးအဖွဲ့ချုပ်၊ KIA ကချင်လွတ်မြောက်ရေး တပ်မတော်နှင့် ကချင်ပြည်သူလူထုတရပ်လုံး၏ ဆုံးရှုံးမှုတရပ်ဖြစ်သည်ဟု KNU က အလေးအနက်ခံယူပြီး ဝမ်းနည်းစွာဖြင့် နောက်ဆုံးအလေးပြု ဂုဏ်ပြုအပ်ပါသည်။

ဦးလညော်ဇောင်းဟရားသည် ဘုရားရင်ခွင်တော်၌ ငြိမ်သက်စွာအနားယူနိုင်ပါစေကြောင်းနှင့် ကျန်ရစ်သူမိသားစုဆွေမျိုးသားချင်းအားလုံးအပေါ်၌လည်း ဘုရားသခင်၏ ငြိမ်သက်ခြင်း၊ နှစ်သိမ့်ခြင်း သက်ရောက်တည်ရှိပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး
ဗဟိုဌာနချုပ်